**ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းမှ နောက်ဆုံးရအရေးပေါ်သတင်း**

Website: www.shanhumanrights.org

Email: shrf@shanhumanrights.org or shanhumanrights@gmail.com

**ဇန်နဝါရီလ ၇ ရက်နေ့ ၂၀၁၅**

**မြန်မာစစ်တပ်မှမိဘများရှေ့မှာသားကိုပစ်သတ်ပြီးရွာသား ၁၂၀၀ ကို ရွာသားများအားသတ်ဖြတ်သည့် သောင်းကျန်းသူဆန့်ကျင်ရေးဆန္ဒပြရန် မိုင်းယောင်းတွင်အဓမ္မစေခိုင်း။**


ဒီဇင်ဘာ ၁၂ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ဂမ်ထင်ကျေးရွာတွင် အသက် ၃၂ နှစ်အရွယ် စိတ်ဝေဒနာရှင် စိုင်းဆမ်တစ်ကို မြန်မာစစ်တပ် ခလရ ၅၇၃ မှ စစ်သားများက အိမ်ပေါက်ဝ၌ မိဘများရှေ့တွင် ပစ်သတ်လိုက်သည်။ စစ်သားများ စိုင်ဆမ်တစ်ကို အိမ်ပြင်သို့ ခေါ်ထုတ်ရာ ၎င်းထွက်လာစဉ် အိမ်ပေါက်ဝလှေခါး ထစ်တွင် ပစ်သတ် လိုက်ခြင်းဖြစ်သည်။

နောက်နှစ်ရက်ကြာ ဒီဇင်ဘာ ၁၄ ရက်၌ မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာ ၆ရွာနှင့် မြို့ပေါ်ရှိ ရပ်ကွက် ၉ ခုလုံးမှ ရွာ သား ၁၂၀၀ ကျော်ကို မိုင်းယောင်းအားကစားကွင်းတွင် " သောင်းကျန်းသူအဖွဲ့" ဆန့်ကျင်ရေး ဆန္ဒပြရန် မြန်မာစစ်တပ်မှ အဓမ္မစေခိုင်းခဲ့သည်။ တအိမ်တယောက်လာခိုင်းပြီး ကြိုတင်ရေးထားသည့် သောင်းကျန်းသူဆန့်ကျင်ရေးမိန့်ခွန်းကို ကျေးရွာကိုယ်စားလှယ်တို့အား တယောက် ၅၀၀၀ ကျပ်ပေး၍ ဖတ်ခိုင်းသည်။ ရွာသားများကို "သောင်းကျန်းသူချေမှုန်းရေး" ကြွေးကြော်သံများအား ဗမာလို အော်ခိုင်းသည်။ မိုင်းယောင်းတွင် အဓိကလှုပ်ရှားနေသောအဖွဲ့မှာ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဖြစ်ပြီး မြန်မာ အစိုးရနှင့် ၂၀၁၁ ဒီဇင်ဘာလက အပစ်ရပ်သဘောတူထားသောအဖွဲ့ ဖြစ်သည်။

ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ဤသို့ ဥပဒေမဲ့ မတရားသတ်ဖြတ်ခြင်းကိုရှုတ်ချပါသည်။ ဤအမှုနှင့် ပတ်သက်၍ တာဝန်ရှိသူတို့ကို အရေးယူပေးရန် တောင်းဆိုသည်။

မြန်မာစစ်တပ်မှ ကျူးလွန်သည့် ပြစ်မှုအတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တခုကို အပစ်ဖို့ခါ မြန်မာစစ်တပ် အရာရှိတို့က လူထုဆန္ဒပြမှုအဖြစ် ကျေးရွာသားများအား စေခိုင်းခြင်းကိုလည်း ကျွန်ုပ်တို့ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ ရှုတ်ချပါသည်။ ရွာသားများကိုဤသို့စေခိုင်းခြင်းသည် လူ့အခွင့်အရေးကို ချိုးဖေါက်ရာကျပြီး၊ အသိဉာဏ်နှင့် ဂုဏ်သိက္ခါကို စော်ကားရာရောက်သည်။ အစိုးရက တိုင်းပြည်တွင် ငြိမ်းချမ်းရေးတည်ဆောက်နေပါသည်ဟုဆိုသော်လည်း မြန်မာစစ်တပ်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအား ဤသို့ဆန့်ကျင်ရေးလှုပ်ရှားမှုလုပ်နေသည် မှာ အလွန်ဆိုးဂါးသော လုပ်ရပ်ဖြစ်သည်။

မြန်မာတပ်မတော် မှ ၂၀၁၄ ခုနှစ်ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်
ကျူးလွန်ခဲ့သည့်တရားမဲ့သတ်ဖြတ်မှုများ နေရာပြမြေပုံ



## ဒီဇင်ဘာ ၁၂ ရက်နေ့ စိုင်းဆမ်တစ်ကိုတရားမဲ့သတ်ဖြတ်ပုံအသေးစိပ်

အောက်ပါအချက်အလက်များမှာ သတ်ဖြတ်မှုကို ကိုယ်တိုင်မြင်တွေ့ခဲ့သည့် စိုင်းဆမ်တစ်၏ဖခင်ဖြစ်သူ လုမ်းနံ့ အုမ်း ၏ ပြောပြချက်ဖြစ်သည်။ သတ်ဖြတ်ပြီးနောက် မြန်မာစစ်တပ်သည် မိုင်းယောင်းရဲကို အခင်းဖြစ်ပွါးရာသို့ ဆင့်ခေါ်လိုက်သည်။ ရဲက ဖြစ်စဉ်ကို လုမ်းနံ့အုမ်းနှင့် သူ၏ဇနီးအားလုံးဂမေးမြန်းခြင်းမလုပ်သည်မှာလည်း မှတ်သား ထားစရာဖြစ်ပါသည်။


## လုမ်းနံ့အုမ်း၏ပြောပြချက်

ကျွန်တော်က တိုင်းလွီရှမ်းပါ။ လယ်သမားတဦးပါ။ မိုင်းယောင်းမြို့နယ် ဂမ်တပ်ကျေးရွာအုပ်စု ဂမ်ထင်မှာနေ ပါတယ်။ကျွန်တော်တို့ရွာမှာ အိမ် ၁၃ အိမ်ရှိပြီး လူ၆၃ ဦးရှိပါတယ်။ ကျွန်တော်ဇနီးက ပါရုံအင်းလို့ခေါ်တယ်။ ကျွန်တော်တို့မှာ သားသမီး သုံးယောက်ရှိပါတယ်။ အကြီးဆုံးသားက တရုတ်ပြည် ရှစ်ဆောင်ပနားမှာ ရဟန်း ဂတ်ပါတယ်။ သမီးက အိမ်ထောင်ကျပြီး သူ့ယောက်ျားနဲ့ တခြားရွာမှာနေပါတယ်။ အငယ်ဆုံးသား စိုင်းဆမ်တစ်က ကျွန်တော်တို့နဲ့ နေပါတယ်။ သူက အသက် ၃၂ နှစ်ရှိပါပြီ။ ယခင်က လယ်လုပ်ပြီး၊ ၂ဂ၁၁ ခုမှာ အက်စ်အက်စ်အေ တောင်ပိုင်း အဖွဲ့မှာ တနှစ်သွားလုပ်ပါတယ်။ နောက်ထွက်လာတယ်။ ထွက်လာတဲ့ အကြောင်းကိုလည်း မိုင်းယောင်းရှိ မြန်မာစစ်တပ် ခမရ ၃၃၄မှာ ၂ဂ၁၂ခုနှစ်က သတင်းပို့ထားပါတယ်။ နောက်တနှစ်လောက်ကြာတော့ သူက စိတ်မမှန်တော့ပါဘူး။

ဒီဒေသကလူတွေက စိုင်းဆမ်တစ်စိတ်မမှန်ဘူးဆိုတာ သိကြပါတယ်။ ဒေသခံတွေက စိုးရိမ်ပြီးရဲတိုင်လို့ မိုင်းယောင်းထောင်မှာ ၄၅ ရက် ထောင်ချခံရဖူးပါတယ်။ သူဘယ်သူကိုမှ ထိခိုက်အောင်မလုပ်ဘူးပါ။လွန်ခဲ့တဲ့ သုံးလက ကျွန်တော်ကားတစီးဂယ်ပါတယ်။သူလည်းကားမောင်းပြီး လျှောက်လည်တတ်ပါတယ်။အိမ်ထဲမှာကား ထားပါတယ်။ သူက ကားထဲမှာ အိပ်တာကြိုက်တယ်။

၂ဂ၁၄ နိုဂင်ဘာ ၁၈ ရက်နေ့ အိမ်ရှေ့မှာရပ်ထားတဲ့ကားပေါ်မှာ စိုင်းဆမ်တစ်ကအိပ်နေပါတယ်။ သူက တခြားရွာ သားတွေလည်း ဂတ်တတ်ကြသလိုစစ်ဘောင်းဘီကို ဂတ်ထားပါတယ်။ ခမရ ၃၃၅ က စစ်သားတချို့ လည်း ကင်းလှည့်လာကြတယ်။ သူ့ကိုတွေ့တော့ ကားထဲကနေထွက်လာခိုင်းတယ်။ သူက မထွက်လာဘဲ မောင်းပြေးတယ်။ စစ်သားတွေလည်း သေနတ်နဲ့ပစ်လို့ ကားကို ရှစ်ချက်မှန်တယ်။ စစ်သားတွေက သူတို့ အရာရှိ ခင်မောင်သန်းကို ဖုန်းဆက်အကြောင်းကြားတော့ ခင်မောင်သန်းက စကားပြန်နဲ့အတူ ကျွန်တော့အိမ်ကို ရောက်လာတယ်။ ကျွန်တော်က ကျွန်တော့်သားစိတ်မမှန်တာကိုရှင်းပြတော့ သူတို့က ဘာမှ အရေးမယူကြပါဘူး။

ဒီဇင်ဘာ ၁၂ ရက်နေ့ ည ၉း၃၀ မှာခမရ ၅၇၃က  ရဲထွန်းအောင် လို့ခေါ်တဲ့ မြန်မာစစ်တပ်အရာရှိနဲ့ သူ့တပ်သား ၁၂ ယောက်ရောက်လာပြီး အိမ်မှာရှိတဲ့လူကို စစ်ပါတယ်။ သူတို့နဲ့အတူ စကားပြန် ကျွန်တော်တို့ရွာက နန်း မွန်း၊ ရွာလူကြီး နွင်းလီး၊ ကျေးရွာအုပ်စုလူကြီး နွင်းအိမ် တို့ပါတယ်။ သူတို့က ကျွန်တော့်သား စိုင်းဆမ်တစ် ဘယ်မှာလဲလို့ မေးတယ်။ ကျွန်တော်တို့ကလည်း အိမ်မှာရှိတဲ့ ကားထဲမှာ အိပ်နေတယ်လို့ပြောပြတယ်။ သူ့ကို ကားထဲက ထွက်လာဖို့ သူတို့ကခေါ်ထုတ်တယ်။ ဒါပေမဲ့ သားကမထွက်လာဘူး။ စစ်သားအုပ်လည်း ရွာထဲက တခြားအိမ်တွေကိုလှည့်ပြီး လူစစ်ကြတယ်။



စိုင်းဆမ်တစ်

ည ၁၈း၃၈ မှာ ကျွန်တော်တို့ အိမ်ကို ပြန်လာကြပြီး ပိုင်းလိုက်တယ်။ ကျွန်တော့်ဇနီးနဲ့ ကျွန်တော်တို့က အိပ်ပျော်နေကြပြီ။ စစ်သားတွေက ကျွန်တော်တို့ကိုနှိုးတယ်။ မီးဖွင့်ဖို့ပြောတယ်။ စိုင်းဆမ်တစ်ကိုလည်း ကားထဲက ထွက်လာဖို့ပြောတယ်။သူကမထွက်လာဘူး၊ " ကျွန်တော်ဘာအပြစ်မှ မရှိဘူး" လို့ပြောတယ်။ စစ်သားတွေက ကားမောင်းမပြေးနိုင်အောင် ကားဘီးကိုလေလျှော့တာကျွန်တော်တွေ့တယ်။ သေနတ်တွေနဲ့လည်း သူ့ကို ချိန်ထားကြတယ်။ သူတို့က ပစ်သတ်မှာစိုးလို့ ကျွန်တော်က သားကိုကားထဲကထွက်လာဖို့ပြော လိုက်တယ်။



စိုင်းဆမ်တစ် အသတ်ခံရသည့် အိမ်

သားက ကားထဲက ထွက်လာပါတယ်။ သူကသူအမြဲ ဆောင်ထားလေ့ရှိတဲ့ သစ်သားအိမ်နဲ့ ဒါးမြှောင်ရယ်၊ လက်လုပ် သေနတ်တိုတို့ကို လက်ဂါးနှစ်ဘက်ထဲမှာထားပြီး လက်ဆန့်ထွက်လာပါတယ်။ သေနတ်ကဒါးမြှောင် အိမ်ပေါ်မှာ တင်လျက်ပါ။ဘယ်သူကိုမှ ချိန်ရွယ်ထားခြင်း မရှိပါဘူး။ သူကကားထဲကနေ အိမ်ထဲက သူ့ ခန်း ထဲကိုဝင်သွားပါတယ်။ စစ်ဗိုလ်ရဲ့အနား တပေလောက်ကဖြတ်သွားတာပါ။ စစ်ဗိုလ်တောင် တိမ်းပေးလိုက်ရတယ်။ စိုင်းဆမ်တစ်က ဘယ်သူ့ကိုမှ ရန်မမူတာထင်ရှားပါတယ်။ စစ်ဗိုလ်ကလွှဲလို့ စစ်သားတွေအားလုံးက သူ့ကိုသေနတ်နဲ့ ချိန်ထားကြတယ်။

စိုင်းဆမ်တစ်က သူ့အခန်းထဲ သူဝင်ပြီး တံခါးကို ပိတ်ထားလိုက်တယ်။ ဆယ်မိနစ်လောက်ကြာတယ်။ စစ်ဗိုလ်က သူ့ကိုထွက်လာခိုင်းတယ်။ ကျွန်တော်လည်းသူ့ကို " ထွက်လာ သားမထွက်လာရင် သူတို့ မင်းကို အိမ်ထဲမှာပစ်သတ်လိမ့်မယ်။ ဗိုလ်ကြီးနဲ့လာစကားပြောပါ " လို့ပြောတယ်။

နောက်ဆုံးတော့ စိုင်းဆမ်တစ် သူ့အခန်းထဲက ထွက်လာတယ်။ အရင်တုန်းကလိုဘဲ ဆန့်ထားတဲ့ လက်ဂါးနှစ်ဘက်ပေါ်မှာ ဒါးမြှောင်နဲ့ဒါးအိမ်ပေါ်မှာ သေနတ်က တင်လျှက်။ အိမ်ပေါက်ဝလှေခါးကို အဆင်း သူ့ခြေ ညှပ်

ဖိနပ် တဘက်ကိုအစီးမှာ စစ်သားများသူ့ကို စပစ်လိုက်ကြတယ်။စစ်သားနှစ်ယောက်က လေးချက်ပစ်တယ်။ သူတို့က အိမ်အဂင်ဂ အပြင်ဘက်မှ ရပ်နေကြတာ။ သူတို့ နောက်မှာ စစ်ဗိုလ်နဲ့ တခြားစစ်သားတွေ ရပ်နေတယ်။ကျွန်တော်နဲ့ ကျွန်တော့် ဇနီးလည်း စစ်သားတွေနောက်မှာ ရပ်နေပါတယ်။ ဘယ်သူမှ ပစ်မိန့်ပေးတာလည်း မရှိပါဘူး။ သားအိမ်ထဲက ထွက်လာတာနဲ့ ပစ်တော့တာဘဲ။



စိုင်းဆမ်တစ် ပစ်သတ်ခံရသည့် လှေခါးထစ်

သေနတ်မှန်တော့ အော်တာနဲ့ ကျွန်တော်လည်းကို သွားပွေ့တယ်။ကျွန်တော်လက်ထဲ နှစ်မိနစ်လောက်မှာ သူဆုံးသွားတယ်။ " ငါ့သားသေပါပြီ၊ မပစ်ကြပါနဲ့တော့" လို့အော်လိုက်တယ်။ ကျွန်တော်က သူခန္ဓာကို မြေပေါ်ချလိုက်တယ်။



စိုင်ဆမ်တစ်ကို ပစ်သည့်ကျည်ခွံ

စစ်သားတွေက သူသေမသေလာစစ်တယ်။ သေနတ်ဒဏ်ရာနှစ်ချက်တွေ့တယ်။ တချက်ကလက်မောင်းမှာ နောက်တချက်က ဆီးစပ်မှာ။ စစ်သားတယောက်က သားရဲ့အင်္ကျီကိုလှန်ကြည့်တယ်။ ကျွန်တော်တော့ တင်ပါးက ဒဏ်ရာဘဲတွေ့တယ်။ တခြားဒဏ်ရာတွေလည်းရှိမှာပါ။ သူ့ကိုယ်ထဲက သွေးတွေက စီးကျနေ တယ်။

စိုင်းဆမ်တစ်က သူ့အခန်းထဲကို ဂင်သွားချိန်မှာ စစ်ဘောင်းဘီကို ဂတ်ထားပေမဲ့ သူပြန်ထွက်လာချိန်မှာ ဘောင်းဘီ အနက်ကို ပြောင်းဂတ်လာတယ်။စစ်သားတွေက " သူ့စစ်အင်္ကျီ ဘယ်မှာလဲ" လို့မေးတယ်။ "မသိဘူး"လို့ ကျွန်တော်ပြန်ဖြေလိုက်တယ်။ စစ်သားတယောက်က ကားထဲမှာ အင်္ကျီတွေ့တယ်လို့ ဆိုတယ်။ ကားထဲမှာ စစ်အင်္ကျီတထည်၊ ကားထဲမှာသူအမြဲတမ်းထားတဲ့ ဒါးမြှောင်တလက်ကို ယူလာကြတယ်။ ကျွန်တော့်ကို အိမ်ထဲက စစ်ဘောင်းဘီသွားယူခိုင်းတယ်။ သူတို့က စိုင်းဆမ်တစ်ရဲ့ စစ်ဂတ်တွေကိုခေါက်လိုက်တယ်။ ဒါး မြှောင် သုံးလက် ( စိုင်းဆမ်တစ်ခါးတွင် ဒါးအိမ်နဲ့တလက်ရှိနေ)၊ လက်လုပ်သေနတ်တို၊ တို့ကို စားပွဲတခု ပေါ် ထင်ပြီး လက်ကိုင်ဖုန်းတွေက ကင်မရာနဲ့ ဓါတ်ပုံတွေရိုက်တယ်။

စစ်ပိုလ်က အထက်အရာရှိ ခင်မောင်သန်းကို ဖုန်းဆက်တယ်။ စစ်သား ၃ / ၄ ယောက်နဲ့ ခင်မောင်သန်း စစ်ထရပ်ကားစီးပြီး ည ၁၁ နာရီလောက်မှာရောက်လာတယ်။ဓါတ်ပုံတွေ ရိုက်တယ်။ သူက ရဲကို ခေါ်လိုက် တယ်။ ရဲနှစ်ယောက် မိနစ် ၃ဂ လောက်မှာရောက်လာပြီး မိုင်းယောင်းက ဆရာဂန်ကို လှမ်းခေါ်တယ်။ ရဲက စိုင်းဆမ်တစ်အလောင်း စစ်ဆေးတယ်။ ဘယ်လိုသေသလဲ ဆိုတာကိုတော့ မမေးဘူး။ တနာရီလောက် မကြာ ခင် ဆရာဂန်နှစ်ယောက်ရောက်လာတယ်။ သူတို့လည်း လက်အိပ်တွေစွပ် အလောင်းကိုစစ်ဆေးတယ်။ သူတို့ ဘာတွေတွေ့သလဲဆိုတာအနီးကပ်မနေရတော့ ကျွန်တော်လည်းမသိရဘူး၊ဆရာဂန်တွေကလည်းဘာကြောင့် သေရသလဲ ဆိုတာမမေးကြဘူး။

" ခင်ဗျားတို့ကိစ္စပြီးပြီးလား၊ ကျွန်တော့်သားကို သဂြိုလ်လို့ရပြီလား" လို့ ရဲကို ကျွန်တော်ကမေးလိုက်တယ်။

ရဲက " ပြီးပြီ၊ သဂြိုလ်လို့ရပြီ" လို့ပြောတယ်။

ဆရာဝန်တွေ၊ ရဲတွေနဲ့  စစ်ဗိုလ်ကြီးတွေ ပြန်တော့ စစ်သားတွေက ဂမ်တင်းရွာ ဘုန်းကြီးကျောင်းမှာ သုံးည နေခဲ့ကြတယ်။

စစ်သားအားလုံး ကျွန်တော့်အိမ်က ထွက်သွားကြတော့ ကျေးရွာအုပ်စု လူကြီးက တခြားဂမ်တင်းရွာသားတွေကို ခေါ်လိုက်တယ်။ နာရေးကိစ္စတွေမှာ တာဝန်ယူတဲ့ ပူဂျန်က  အလောင်းကို ချက်ချင်း သင်းဂြိုလ်ရမယ်။ သူက ရိုးရိုးသေတာမဟုတ်လို့ ချက်ချင်းမချရင် ရွာထိခိုက်နိုင်တယ်လို့ ဆိုတယ်။ ကျွန်တော့်ယောက်ဖက မော်တော် ဆိုင်ကယ်စီးပြီး တခြားရွာကလူတွေ လာကူသဂြိုလ်ဖို့ လိုက်ခေါ်ရတယ်။ ကိုယ်ရွာကလူတွေက ကြောက်လို့ မလုပ်ရဲကြဘူး။ တခြားရွာက လူလေးယောက်ကို ၃၀၀၀၀ ကျပ်ပေးပြီး အလောင်းကို ပိတ်ဖြူပတ်၊ ဖျာနဲ့လိပ် ထော်လာဂျီ နှစ်စီး ၊ တစီးငှါးခ ၂၀၀၀၀နဲ့ ရွာသုသာန် ကိုပို့၊ မီးရှို့ဖိုထင်း ၃၀၀၀၀ ကျပ်ဖိုးဝယ်ပေးရတယ်။

သဂြိုလ်တဲ့ အလုပ်ကို ဒီဇင်ဘာ ၁၃ နံက် ၄ နာရီမှာလုပ်လိုက်တယ်။ လူ၂၀ ယောက်လာကြတယ်။ ပူဂျန်က ဆုတောင်းပေးတယ်။



စိုင်းဆမ်တစ် သဂြိုလ်ရာ နေရာ

ပူဂျန်က ဘုန်းကြီးကျောင်းကိုသွားတော့ ဘုန်းကြီးက မကောင်းဆိုးဝါးတွေကင်းအောင် သွေးမြေကျတဲ့နေရာက မြေတွေ တူးပြီး အလောင်းနဲ့ အတူ မီးရှို့ရမယ်ဆိုလို့ စိုင်းဆမ်တစ်သေတဲ့နေရာကမြေတွေတူးပြီး သုသာန်မှာ

မီးရှို့ရသေးတယ်။တငွေ့ငွေ့လောင်နေသေးတယ်။ ဒေသအယူအဆအရ တပတ်ကြာတဲ့ အချိန်မှာ မြေတူးထားတဲ့ အိမ်ပေါက်ရှေ့ကနေရာကို အင်္ဂတေ လောင်းဖြည့်လိုက်ရတယ်။

ဒီဇင်ဘာ ၁၃ ရက် နံက် ၉ နာရီမှာ ရဲနဲ့ ကျွန်တော်ဂယ်တဲ့ ကားပိုင်ရှင်ပောင်း စိုင်းဌေး တို့ကျွန်တော့အိမ်ကို ရောက်လာကြတယ်။ ဥပဒေကြောင်းအရ ကားကို သိမ်းရမယ်လို့ဆိုတယ်။ စာရွက်တရွက်မှာ ရွာလူကြီးရော၊ ကျွန်တော်ပါ ရဲက ကားယာယီသိမ်းတာကို လက်မှတ်ထိုးပေးလိုက်ရတယ်။

အသေးစိတ်သိရှိလိုပါက ။။

| | | |
|---|---|---|
| စိုင်းပောာ်ရှုန် | +66: (0) 93-264-9487 | (Shan, English) |
| နန်းခွမ်လိတ် | +66: (0) 84-668-0984 | (Burmese, English) |